**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)**

**DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)**

# လက်ရှိဖြစ်ပေါ်နေသော ပြည်တွင်းအခြေအနေများ နှင့်ပတ်သက်၍ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ ပန်ကြားချက်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်)

ဆရာတော်သံဃာတော်များ၊ တက်ကြွလှုပ်ရှားသူများ၊ ပြည်သူများ ခင်ဗျား ...

ပထမဦးစွာ ပခုက္ကူမြို့မှ ဆရာတော်သံဃာတော်များက ဖက်ဆစ်လူရမ်းကား (ကြံ့ဖွံ့/စွမ်းအားရှင်)များအား ထိထိရောက်ရောက် ဆုံးမတော်မူလိုက်သည်ကို တပည့်တော်တို့ပါတီက သဘောတူထောက်ခံပါကြောင်း လျှောက်ထားအပ်ပါသည်။

ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများ၊ တက်ကြွလှုပ်ရှားသူများကို ဖက်ဆစ်လူရမ်းကား (ကြံ့ဖွံ့/စွမ်းအားရှင်)များက အကြမ်းဖက် ရမ်းကားနေသည်များကို သတင်းစာများတွင် 'ဘုန်းကြီးပင့်နေတာမဟုတ်ဘူး'၊ 'ကိုယ်ဝန်ဆောင်အမျိုးသမီးကို ကားပေါ်တက်နိုင်အောင် ကူညီနေတာမဟုတ်ဘူး'၊ 'သိမ်သိမ်မွေ့မွေ့ညင်ညင်သာသာမရှိနိုင်ဘူး'စသဖြင့် (နအဖ)စစ်အစိုးရက လူမိုက်အားပေး လုပ်ခဲ့ပါသည်။
ထိုဖက်ဆစ်လူရမ်းကားများကို တရားရေအေး တိုက်ကြွေးနေ၍ မရနိုင်ပါ။

ထိုလူရမ်းကားများသည် (နအဖ) စစ်အစိုးရအားကိုးဖြင့် သခင်အားရက္ခုန်ပါး၀ဆိုသလို ရှူးမိုက်ရမ်းကားနေကြခြင်းဖြစ်ပါသည်။ ဆရာတော်သံဃာတော်များက ယခုကဲ့သို့ပြည်သူများရှေ့က မားမတ်စွာရပ်တည်၍ ဖက်ဆစ်လူရမ်းကားများကို ထိထိရောက်ရောက် ဆုံးမပြလိုက်ခြင်းသည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ ဒီမိုကရေစီအရေးတိုက်ပွဲအဆက်ဆက်တွင် 'နေလို လလို' ထင်ရှားခဲ့သော သံဃာလှုပ်ရှားမှု သမိုင်းအစဉ်အလာကောင်းများနှင့် ကိုက်ညီလှပါသည်။

(နဝတ–နအဖ) စစ်အစိုးရထုတ်ပြန်ထားသည့် အမိန့်အမှတ် (၂/၈၈) သည် ပြည်သူများ၏ ဆန္ဒဖော်ထုတ်ပြသမှုကို ဖိနှိပ် ချုပ်ချယ်ထားသည့် မတရားသည့် အမိန်အာဏာများအနက်မှ တစ်ခုသာဖြစ်ပါသည်။ ထိုမတရားသည့် အမိန့်အာဏာကို ပြတ်သားစွာ တွန်းလှန်အာခံရမည်သာ ဖြစ်ပါသည်။ ထိုအမိန့်အမှတ် (၂/၈၈)ကို နာခံနေရလျှင်၊ အသိအမှတ်ပြုနေရမည်ဆိုလျှင် ပြည်သူများသည် ငြိမ်၊ ဝပ်၊ ပိ၊ ပြားသွားပေလိမ့်မည်။ ထိုအမိန့်အမှတ် (၂/၈၈) ကို ပြည်သူများ ရဲရဲချိုးဖောက်ကြရပါလိမ့်မည်။ အများပြည်သူ သဘောမတူသည့် အမိန့်အာဏာမှန်သမျှကို ရဲရဲဆန့်ကျင်ပစ်ရေးမှာ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော ပြည်သူတရပ်လုံး၏ တာဝန်ဖြစ်ပါသည်။

ယခုကဲ့သို့ ပခုက္ကူမြို့မှ ဆရာတော်သံဃာတော်များက ပြည်သူများရှေ့က မားမတ်တည်ကြည်စွာ ရပ်တည်ရှေ့ဆောင်၍ စံနမူနာပြ ချိုးဖောက်ဆန့်ကျင်ပြလိုက်ခြင်းကို တပည့်တော်တို့ ပါတီဝင်ထုတစ်ရပ်လုံးနှင့်တကွ ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူများ၊ ပြည်သူများက ဝမ်းသာအားတက် ဖြစ်ရပါသည်။

ယနေ့ တိုင်းပြည်တွင် ရင်ဆိုင်နေရသော စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အကြပ်အတည်းများမှာ (နအဖ)စစ်အစိုးရ၏ ညံ့ဖျင်းလှသည့် စီမံအုပ်ချုပ်မှုများ၏ တိုက်ရိုက်ရလဒ်သာ ဖြစ်ပါသည်။ (နအဖ)စစ်အစိုးရ အုပ်စိုးနေသော ယနေ့ကာလ၌ ပြည်သူများသည် ဘယ်ခေတ်ကထက်မဆို ပို၍ကြပ်တည်းဆင်းရဲလှပါသည်။

ထိုအခြေအနေအောက်တွင် ပြည်သူလူထုက မိမိတို့ရင် ဆိုင်နေရသည် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အကြပ်အတည်း ပေါင်းစုံမှ လွတ်မြောက်ရန် ဆန္ဒပြတောင်းဆိုလာကြခြင်း ဖြစ်ပါသည်။ ထိုဆန္ဒပြမှုများသည် တဖြည်းဖြည်းနှင့်တပြည်လုံးအနှံ့ဖြစ်ပွားလာနေပါသည်။

ယင်းသို့ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်နေသော ပြည်သူများကို (နအဖ) စစ်အစိုးရက သူတို့ လက်သပ်မွေးမြူထားသော ဖက်ဆစ်လူရမ်းကား (ကြံ့ဖွံ့/စွမ်းအားရှင်)များကို လက်ကိုင်ဒုတ်လုပ်၍ အကြမ်းဖက်ဖြိုခွဲလာခဲ့ပါသည်။ ဖမ်းဆီးချုပ်နှောင်ခဲ့ပါသည်။

ပြည်သူများအနေဖြင့် မိမိတို့ရင်ဆိုင်ကြုံတွေ့နေရသည့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အကြပ် အတည်းပေါင်းစုံမှ လွတ်မြောက်ရန် ရုန်းကန်ကြခြင်းသည် မှန်ကန်၍ လုပ်သင့်လုပ်ထိုက်သည့်လုပ်ငန်းကို လုပ်ကိုင်ကြခြင်းသာဖြစ်ပါသည်။ မြန်မာပြည်လူမျိုးစုံပြည်သူလူထုသည် ဖိနှိပ်ကြပ်တည်းမှုမျိုးစုံကို တော်လှန်ဆန့်ကျင်လာခဲ့သည့် သမိုင်းအစဉ်အလာရှိသော ပြည်သူများဖြစ်ပါသည်။ ဖိနှိပ်တားဆီးမှု ပြင်းထန်သလောက် တွန်းလှန်တော်လှန်မှုကလည်း ပြင်းထန်ပါလိမ့်မည်။ ယင်းသို့ပြည်သူများ၏ တော်လှန်ဆန့်ကျင်မှုကို (နအဖ)စစ်အစိုးရက အကြမ်းဖက်မှု၊ မင်းမဲ့စရိုက်ဆူပူမှုအဖြစ် သရုပ်ဖျက်စွပ်စွဲပုတ်ခတ်နေပါသည်။ ပြင်းထန်စွာ ဖိနှိပ်ထားလျှင် ပြင်းထန်စွာ တွန်းလှန်ကြရမည်သာဖြစ်သည်။

သို့ပါ၍ တက်ကြွလှုပ်ရှားသူများ၊ ပြည်သူများသည် ဆရာတော်သံဃာတော်များ၏ ရှေ့ဆောင်လမ်းပြမှုအောက်တွင် မတရားသည့် အမိန့်အာဏာမှန်သမျှ ရဲရဲဝံ့ဝံ့ဆန့်ကျင်ချိုးဖောက် အာခံကြပါရန် ကျွန်တော်တို့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက အလေးအနက် ပန်ကြားအပ်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဗဟိုဌာနချုပ်)

ဆက်သွယ်ရန်

ကိုခင်မောင်တင့် (အထွေထွေအတွင်းရေးမှူး) ၀၈၉ ၅၅၄၄၆၅၈
ကိုငွေလင်း (တွဲဘက် အထွေထွေအတွင်းရေးမှူး) ၀၈၁ ၄၇၅၉၂၂၃